

# အာဇာနည်တွေနေတဲ့တိုင်းပြည်

(ဆရာကြီး မင်းသုဝဏ်၏ "သူ့မှာတမ်း ကဗျာ" ခံစားမှု)

(တစ်)

၈ လေးလုံး အရေးတော်ပုံ လူထုအုံကြွမှုကြီးအတွင်း မျိုးဆက်သစ်လူငယ်ထု၏ ရင်တွင်းမှ လိုက်လှဲတုန်ခါ ပေါ်ထွက် လာသည့် "ခေတ်သစ် ကမ္ဘာမကြေ" တော်လှန်ရေးတေးသည် ဗမာပြည်သူတရပ်လုံး၏ နလုံးသား အားမာန်ကို လှုပ်နှိုးခဲ့သည်။ ထိုတေးထဲမှ စာသား တပိုဒ်ဖြစ်သည့် "အာဇာနည်တွေ နေသည့်တိုင်းပြည်" ဆိုသောစကားသည် လေးနက် ကျယ်ဝန်း လှသည်။

ကျနော်တို့ ဘိုးဘွားမိဘများသည် "ကမ္ဘာမကြေ" စိတ်ဓာတ်နှင့် လွတ်လပ်ရေး အတွက် အသက်ပေးတိုက်ခဲ့ကြသည်။ ဗမာပြည်သည် ၁၈၂၄ -၁၉၄၈ အထိ နှစ်ပေါင်း ၁၂၄ နှစ်ကြာ အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီလက်အောက် ကျွန်သဘောက် ဖြစ်ခဲ့ရသည်။ ဂျပန်ဖက်ဆစ်အောက် (၁၉၄၂ - ၄၅) အထိ ၄ နှစ်ကြာ ပြားပြားမှောက်ခဲ့ရသည်။ နှစ်ပေါင်း ထောင်ချီ တည်တံ့ခဲ့သော ဗမာပြည် အမျိုးသားများ ပြည်သူအပေါင်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အတွေးအခေါ် စသည့် အမျိုးသားမှု အစဉ်အလာနှင့် ကိုယ်ပိုင်ခွန်အားများ ချုပ်ငြိမ်းတိမ်ကောကာ ဖူးပွင့်ဝေဆာခွင့်မရတော့ဘဲ လွတ်လပ်မှု အပေါင်း ဆုံးရှုံး ခဲ့ရသည်။

နှစ်ပေါင်း ၁၂၄ နှစ်အကြာ ဘာမထီစိတ်ဓာတ်ဖြင့် ရုန်းကန်လှုပ်ရှားပြီး ကိုလိုနီထမ်းပိုးကို ခါချသည့် လွတ်လပ်ရေးတိုက်ပွဲကို မျိုးဆက် ၃ ဆက်ကြာ တိုက်ခဲ့ရသည်။ ဗမာပြည်ဆိုသည့် အချုပ်အခြာအာဏာပိုင် တိုင်းပြည်တပြည်နှင့် လူ့အဖွဲ့အစည်း တရပ် စုစည်းပေါ်ထွန်း ဖို့ရန်ကား နှစ်ပေါင်းထောင်ချီ၍ မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်း ရုန်းကန်လှုပ်ရှား ထူထောင် ခဲ့ရသည်။ ဤကား သမိုင်းဖြစ်သွားပေပြီ။ သမိုင်းအစဉ်အလာကို မမေ့အပ်ပေ။ အထူးသဖြင့် ဗမာပြည် လူ့အဖွဲ့အစည်း၏ တဆင့်တိုး တိုးတက်မြင့်မားလာသော တော်လှန်ရေး သမိုင်းကို အလေးအမြတ်ပြု ဆက်ခံ ထိန်းသိမ်းဖို့လိုသည်။

တော်လှန်ရေးဆိုသည်မှာ အဟောင်းကိုဖယ်ရှားကာ အသစ်ကို တည်ဆောက်ခြင်း၊ အလုံးစုံအကုန်အစင် ပြောင်းလဲခြင်း၊ သစ်လွင်ခြင်း၊ တက်ကြွခြင်း၊ နုပျိုခြင်း၊ အားမာန်ခွန်အားကြီးခြင်း စသည့် အခြင်းအရာများ အရှိန်အဟုန်ပြင်းစွာ စုစည်းပေါက်ကွဲခြင်း သဘောဖြစ်သည်။ ကျွန်သဘောက်အဖြစ်နာခံကာ အသက်ရှင်ရပ်တည်နေမည်လော။ အဆုံးအဖြတ်တိုက်ပွဲကို တိုက်ရင်း အသက်စွန့် မည်လော။ ကျနော်တို့ ဘိုးဘွားများသည် လွတ်လပ်ရေးအတွက် ကမ္ဘာမကြေစိတ်ဓာတ်ဖြင့် အသက်ပေးတိုက်သည့် လမ်းကို ရွေးချယ်ခဲ့သည်။ လူချင်းအတူတူ ကျွန်အဖြစ်နှင့် အသက်ရှင်မနေလို။ လွတ်လပ်သည့်လူသား၊ လွတ်လပ်သည့် လူမျိုး၊ လွတ်လပ်သည့် လူ့အဖွဲ့အစည်း၊ လွတ်လပ်သည့် တိုင်းပြည် အဖြစ်ရပ်တည်နေထိုင်နိုင်ဖို့ ဖိနှိပ်ချုပ်ချယ် ကျွန်ပြုမှုအပေါင်းကို "ကမ္ဘာမကြေ" စိတ်ဓာတ်နှင့် တိုက်ပွဲဝင်ခဲ့ကြပေသည်။ ဤကားဇာတိစိတ်။

(နှစ်)

ထီးသုဥ်းနန်းသုဥ်း၊ ကြငှန်းသုဥ်းနှင့်၊ မြို့သုဥ်းသုည၊ သုဥ်သုံးဝဖြင့်
သုန်းရပြန်လုစ်၊ သုညခေတ်တွင်၊ လူဖြစ်ရလေ၊ တို့တတွေသည်
သေသော်မှတည့် ... ဩော် ကောင်း၏
(ဆီးဗန်းနီဆရာတော်)

ဗမာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ
မိုးငြိမ်းထောက် အသစ်မှီသည် ညစ်ပလီအမျိုး
မိပစ်လို့ ဖရှောင်သွေသည် ဝွကောင်တွေ ခွေးဖြစ်သည့်ပေါ့ဗျိုး
(အချုပ်တန်းဆရာဖေ)

ဗမာပြည် ကိုလိုနီကျွန်ဖြစ်ခဲ့ရစဉ်က ဇာတိမာန်စာဆိုများက အထက်ပါအတိုင်း နာကျဉ်းစာ စာဖွဲ့ခဲ့ကြသည်။ လွတ်လပ်ရေး တိုက်ပွဲကာလ အတွင်း ဗမာပြည်အမျိုးသား ပြည်သူအများ သွေးမြေကျခဲ့ရသည်။ အာဇာနည် အထောင်အသောင်း ပေါ်ထွန်းခဲ့သည်။ စစ်သူကြီး မဟာ ဗန္ဓုလမှသည် သုပဏ္ဏကဂဠုဆရာစံအထိ၊ ဗိုလ်အောင်ကျော်မှသည် ဗိုလ်အောင်ဆန်းအထိ အာဇာနည်းတွေ၏ သွေးဖြင့် မြစ်ရော ချင်း ချင်းနီခဲ့ရသည်။ အာဇာနည်တွေ၏အလောင်းများ ရိုးမတောင်လိုမို့မောက်ခဲ့ရသည်။ ကျနော်တို့တိုင်းပြည်သည် "အာဇာနည်တွေနေသည့် တိုင်းပြည်" ပါကလား။

အသက်ကို ဖက်ရွက်လို သဘောထားကာ စွန့်လွှတ်စွန့်စား ဘာမထီစိတ်နှင့် ရဲဝံ့စွာ သမိုင်းကို ဖန်တီးခဲ့ကြသည့် အာဇာနည်များ၏ ရင် တွင်းခံစား အ မှာစကားများကို ကျနော်တို့ကြားချင်စမ်းပါဘိ။ အမျိုးသား ဇာတိမာန်စာဆို (ဆရာကြီး) မင်းသုဝဏ်၏ ကဗျာတပုဒ်တွင် "သူ့မှာတမ်း"ကို ယခုလို ခံစားကြားသိရပါသည်။

(သုံး)

သူ့မှာတမ်း
သူတို့အဆုတ်၊ ထားမြှုပ်ခဲ့သည့်
ဗိုးငုတ်တိုက်မှာ၊ မောင်ပြောက်ကျားကို
ရွာသားရွာသူ၊ မေကြမြူသည်
အူအူယမ်းငွေ့ ထတုန်းတည်း။

"အမောင်ပျောက်ကျား၊ ချစ်သူအားကို
ဘာများ မှာခဲ့လိုသနည်း"

"ငယ်ကကြင်မြတ်။ မိသက်မှတ်ကို
ခွင့်လွှတ်ခဲ့ကြောင်း ပြောပါလေ"

အမောင်ပြောက်ကျား၊ မိဘအားကို
ဘာများမှာခဲ့လိုသနည်း"

"မွေးသည့်မိခင်၊ မွေးဖခင်ကို
ဦးတင်ခဲ့ကြောင်း ပြောပါလေ"

"အမောင်ပြောက်ကျား၊ တိုင်းပြည်အားကို
ဘာများမှာခဲ့လိုသနည်း"

ခရီးမတ်တတ်၊ လမ်းခုလတ်တွင်
ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍
အားနာခဲ့ကြောင်း၊ ပြောပါလေ"

ယမ်းငွေ့အူအူ၊ တလူလူနှင့်
မေးမြူကြတုန်း၊ အနောက်ကုန်းတွင်
နေလုံးကွယ်လေပြီတကား။ ။

မင်းသုဝဏ်
(မြဝတီ မဂ္ဂဇင်း - မတ်လ၊ ၁၉၆၃)

ဗမာပြည်လွတ်လပ်ရေးသမိုင်းတွင် ဂုဏ်ရောင်ထွန်းပြောင်ခဲ့သော ဖက်ဆစ်တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲ တွင် လမ်းခုလတ်၌ ကျဆုံးသွားခဲ့သော အာဇာနည် ပြောက်ကျားရဲဘော်တဦးက ချစ်သူထံ၊ မိဘထံ၊ တိုင်းပြည်ထံ မှာကြားခဲ့လေသည်။

"ငယ်ကကြင်မြတ်၊ မိသက်မှတ်ကို၊ ခွင့်လွှတ်ခဲ့ကြောင်း ပြောပါလေ" တဲ့။ ငယ်စဉ်တောင်ကျေးကတည်းက ကြင်နာမြတ်နိုးခဲ့ရသူ၊ အသက်နှင်းအပ် ဘဝတွေပုံပြီး ပေါင်းသင့်မည့် ချစ်သူကို ဒဏ်ရာနှင့် ကျဆုံးအံ့ဆဲဆဲ ပြောက်ကျားရဲဘော်က "ခွင့်လွှတ်"ခဲ့ကြောင်း မှာကြားပါသည်။ မြန်မာ့ယဉ်ကျေးမှုက တလင်တမယားစနစ်၊ အိမ်ထောင်ဖက်ကို သုံးနှစ်သုံးမိုးစောင့်စား ရွေးချယ်ကြသည်။ အကြောင်းသိ၊ ငယ်ပေါင်းကြီးဖော် ရာသက်ပန်ရိုးမြေကျ သားသမီးမြေးမြစ်ရသည့်အထိ သိုက်သိုက်ဝန်းဝန်းနှင့် အကြင်နာမေတ္တာ ကရုဏာတွေ ဝေဖြိုးပြီး ပေါင်းသင်းကြသည့် လူ့အဖွဲ့အစည်းဖြစ်သည်။

အိမ်ထောင်ရေးတာဝန်ကို မောင်တထမ်း မယ်တရွက် ဒိုးတူပေါင်ဖက် ထမ်းဆောင်ကြသည်။ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားဆိုသည့် ဆက်ဆံရေးရှိသည်။ ခွင့်လွှတ်ခြင်းသည် မေတ္တာစိတ်၊ သနားကရုဏာစိတ်၊ သည်းခံနားလည်မှုရှိသော မြင့်မြတ်သည့် စိတ်ဓာတ်ဖြစ်သည်။ ချစ်သူမှာ အပြစ်ရှိ၍မဟုတ်။ စွန့်ခွာရတော့မည့် ချစ်သူအပေါ် ကြီးမားနက်ရှိုင်းသော မေတ္တာစိတ်ဖြင့် ကာယ ဝစီ မနော ကံသုံးပါးဖြင့် မရည်ရွယ်ဘဲ အပြစ်ရယ်လို့ ဖြစ်ခဲ့မည်ဆိုလျှင် "ခွင့်လွှတ်"ခဲ့ခြင်းပါ။ ကျန်ရစ်သူလည်း ဖြေသိမ့်နိုင်ကောင်းမည်။ အပြန်အလှန်အားဖြင့် မိမိဘက်က အပြစ်ရယ်လို့ရှိခဲ့ပါက ပြေပါစေ။ ခွင့်လွှတ်ပါလေဆိုသည့် သဘောလည်း သက်ဝင်သည်ထင်သည်။ အသွားအပြန်အားဖြင့် ရှိသောမေတ္တာသဘော။

ခွင့်လွှတ်ခြင်းနှင့်ပတ်သက်သည့် အမျိုးသာစာဆို (ဆရာကြီး) မင်းသုဝဏ်. "နှင်းဆီပွင့်"ဆိုသည့် ကျနော်တို့ရင်ထဲနှင့်အောင် ခံစားရသည့် ကဗျာလေးတပိုဒ်ကို ပြန်ဖော်ပြလိုက်ပါသည်။

နှင်းဆီပွင့်
လယ်တောကအပြန်
ပန်ချင်တယ် ခရေဖူးဆိုလို့
မောင်ခူးကာပေး။

မနက်တုန်းဆီက
ကြော့ဆုံးကို မောင်မြင်တော့
သူဆံပင် နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး။
(၁၉၃၂)

စာဆိုရှင်ငယ်စဉ်က ခံစားမှုအပြည့်နှင့် ရေးဖွဲ့ခဲ့သော ကဗျာလေးတပုဒ်ပါ။ ချစ်သူက ပန်ချင်ပါသည်ဆို၍ ခရေပန်းခူးပေးသည်။ ချစ်သူ တကယ်ပန်သွားသည်က နှင်းဆီပွင့်ဆိုသည်က အဖိုးထိုက်ပန်း၊ ခရေဆိုသည်က အလေ့ကျပန်း၊ အဆင့်အတန်းကွဲသည်။ ဒါပေမဲ့ "ဂုဏ်တင့်ပါတယ်" တဲ့။ သဘောထားကြီးသောစိတ်၊ ခွင့်လွှတ်သောစိတ်၊ နည့်သိမ်မွေ့လွန်းလှသော မေတ္တာစိတ်။

(လေး)
အမောင်ပြောက်ကျား၊ မိဘအားကို
ဘာမှာခဲ့လိုသနည်း"

"မွေးသည့်မိခင်၊ မွေးဖခင်ကို
ဦးတင်ခဲ့ကြောင်း ပြောပါလေ"

မိဘနှင့်ဆရာသမားဆိုသည်မှာ "အနန္တော အနန္တ ငါးပါး"တွင် အပါအဝင်ဖြစ်၍ ဘုရားနှင့် တဂိုဏ်းတည်းထားကာ ရိုသေလေးမြတ်ကြသည်မှာ မြန်မာမှု ဇာတိစိတ်ဖြစ်သည်။ မိဘ ကျေးဇူးကို တန်ဖိုးထားသော မိဘမေတ္တာကို မြတ်နိုးပူဇော်သောစိတ်သည် ကိန်းဝပ်နေသော

မြန်မာ့ဇာတိစိတ်ဖြစ်သည်။ စာဆိုရှင် (ဆရာကြီး) မင်းသုဝဏ်၏ ငယ်ဘဝအိမ်အလွမ်းနှင့် ကျောင်းအပြန် သားမောင်ငယ်၏ ခံစားမှု မိခင်မေတ္တာဘွဲ့ ကဗျာတပိုဒ်ကို ခံစားကြည့်ပါဦး။

သို့လော သို့လော
ပင်လယ်သို့ဝေ မှုမျိုးထွေ၍
ပြန်လေကျောင်းမှ အိမ်သို့ကျသော်
မာတနှုတ်ချို တခွန်းဆိုက
ထိုထိုပင်လယ် ပျောသည်တည်း။
(၁၉၃၂)

ကြက်သီးမွေးညင်း ထလောက်သည့် မိဘမေတ္တာဘွဲ့ပါ။ ပြောက်ကျားရဲဘော်က အသက်စွန့်အံ့ဆဲဆဲမှာ မိဘကို ရှိခိုးဦးတင် ကန်တော့ ပါသည်တဲ့။

(ငါး)

ချက်အမျိုးသား မျိုးချစ်အာဇာနည် ဂျူလိယက်ဖူးချစ်သည် ကြိုးစင်ပေါ် တက်ခါနီးတွင် "ရန်သူ၏ နောက်ဆုံးကျည်ဆန်"ကို ရဲဝံ့စွာ တောင်းခံခဲ့သည်။ ဗီယက်နမ် မျိုးချစ်အာဇာနည် ငုယင်ဗန်ထရွိုင်းသည် ဇနီးနှင့် သမီးကို နောက်ဆုံးနှုတ်ဆက်ပြီး ကြိုးစင်ပေါ် ရင်ကော့ တက်သွားသည်။ "အသက်ရှင်စဉ်မှာ ကြီးမြတ်ပြီး အသက်စွန့်စဉ်မှာ ဂုဏ်ရောင်ပြောင်ခဲ့သူ" တရုတ်အမျိုးသမီးအာဇာနည် လျူဟူလန် သည် နောက်ဆုံးထွက်သက် မရှူထုတ်မီ "မိခင်ပါတီ"ကို တိုင်တည်ခဲ့သည်။

စစ်မြေပြင်မှာ ကတ္တရာလမ်းပေါ်မှာ အကျဉ်းစခန်းမှာ အကျွန်းမှာ ကြိုးစင်ထက်မှာ လုံ့စွပ်ဖျားခားဖျားမှာ တိုင်းပြည်အတွက် အမိမြေအ တွက် မိမိ၏ ဘဝနှင့် အသက်ကို ရဲဝံ့ရက်ရောစွာ စွန့်လှူသွားခဲ့သည့် အာဇာနည် အထောင်အသောင်းကိုယ်စား အမှာစကားကို စာဆိုက ယခုလို ဖွဲ့ပါသည်။

"အမောင်ပြောက်ကျား၊ တိုင်းပြည်အားကို
ဘာများမှာခဲ့လိုသနည်း"

ခရီးမတ်တတ်၊ လမ်းခုလတ်တွင်
ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍
အားနာခဲ့ကြောင်း၊ ပြောပါလေ"

ယမ်းငွေ့အူအူ၊ တလူလူနှင့်
မေးမြူကြတုန်း၊ အနောက်ကုန်းတွင်
နေလုံးကွယ်လေပြီတကား။ ။

ကျဆုံးကာနီး အာဇာနည်ရဲဘော်က "အားနာ"ပါသည်တဲ့။ လွတ်လပ်ရေး ခရီးမပြီးဆုံးသေးခင် လမ်းခုလတ်တွင် တာဝန်မကျေခဲ့၍ စောစီး စွာ ကျဆုံးခဲ့ရသဖြင့် ကိုယ်လွတ်ရုန်းခဲ့ ခွာခဲ့ရသလို ဖြစ်၍ "အားနာ" ပါသည်တဲ့။ အနောက်ကုန်းတွင် နေလုံးလည်းကွယ်လေပြီ။ အာဇာနည် ရဲဘော်သည်လည်း အသေမဖြောင့်နိုင်ရှာ။ ၈ လေးလုံးအာဇာနည် ရဲဘော်များ၏ "လွတ်မြောက်မှ အမျှဝေပါ" ဆိုသည့် မှာတမ်းကို သတိရမိပြီး ကြက်သီးဖြန်းဖြန်းထမိပါသည်။

"အားနာ"ခြင်းဆိုသည့် ဝေါဟာရသည် မြန်မာများအတွက် အလွန်လေးနက်ပေသည်။ စေတနာနှင့် အနစ်နာ နှစ်မျိုးစလုံးပါဝင်သည့် ခံစား မှုဟု ထင်သည်။ တဖက်သား၏ လိုအင်ကို မိက အစွမ်းကုန်အပြည့်အဝ မဖြည့်ဆည်းနိုင်သလို ခံစားရသည့်အခါ မြန်မာများ ပြောလေ့ ရှိ၏။ တိုင်းပြည်လွန်မြောက်စေလိုသည့် စေတနာ၊ လွတ်မြောက်ရေးအတွက် မိမိတာဝန်မကျေဟု ခံစားရသော၊ မိမိအနစ်နာခံမှု မလုံ လောက်ဟု ခံစားရသော၊ ဘဝနှင့် ယှဉ်သည့် လုပသည့် ရင်ခုန်သံ၊ လေးနက်ကျယ်ဝန်းသည့် ခံစားမှု၊ ခိုင်ကျည်သည့် စိတ်ဓာတ်။

ချစ်သူထံ၊ မိဘထံ၊ တိုင်းပြည်ထံ အသက်စွန့်အံ့ဆဲဆဲ ပြောက်ကျားရဲဘော်၏ ရင်တွင်းခံစား အမှာစကားများသည် မြန်မာမှုရင်ခုန်သံကို တိုတိုနဲ့ ထိမိစွာ ဖော်ကျူးပြခဲ့သော ဘ၀နှင့်ယှဉ်သော လွမ်းမောဖွယ်ရာ အလင်္ကာဗျာများပင် မဟုတ်ပါလော။

တကယ်က ရဲဘော်သည် တာဝန်ကျေခဲ့ပါပကော။ တာဝန်မကျေသေးသူများကား ကျနော်တို့သာ ဖြစ်ပါသည်။ အာဇာနည်အပါင်းနှင့် တကွ ဇာတိမာန်စာဆို မျိုးချစ်ပုဂ္ဂိုလ်  အမျိုးသားစာဆို ဆရာကြီးမင်းသုဝဏ် (၁၉၀၉ - ၂၀၀၄) အား ဦးညွှတ်အလေးပြုလိုက်ပါသည်။ ကောင်းရာသုဂတိ ရောက်ပါစေ။ ကွန်တော်တို့တိုင်းပြည်သည် အာဇာနည်တွေ နေသည့်တိုင်းပြည် မဟုတ်ပါလော။

အောင်ငြိမ်း